ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အမိန့်ကြော်ငြာစာအမှတ် ၄ / ၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

## STCW Regulation I/11အရ ကျွမ်းကျင်မှု လက်မှတ်များ သက်တမ်းတိုးဆောင်ရွက်ရာတွင် STCW 2010 Manila Amendments ၏ လိုအပ်ချက်များနှင့်အညီ ထုတ်ပေးမည့် ကျွမ်းကျင်မှု လက်မှတ်များအတွက် မွမ်းမံသင်တန်းများဆိုင်ရာ လမ်းညွှန်ချက်များထုတ်ပြန်ခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄၊ ပုဒ်မခွဲ(ခ)နှင့် ရေယာဥ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ၏ အခန်း (၄)ပါ ပြဋ္ဌာန်းချက်များ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် STCW Regulation I/11 အရ ကျွမ်းကျင်မှု လက်မှတ်များ သက်တမ်းတိုးဆောင်ရွက်ရာတွင်လိုအပ်သည့် မွမ်းမံသင်တန်းများနှင့် ပတ်သက်သော လမ်းညွှန်ချက် ဖြစ်ပြီး International Convention on Standards of Training, Certification and Watchkeeping for Seafarers (STCW), 1978 as amended including 2010 Minila Amendments နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ရန် ပူးတွဲပါအတိုင်း သတ်မှတ်လိုက်သည်။

၃။ ၂၅-၁၁-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃) အား ဤ အမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မောင်မောင်ဦး
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ရညန/ အမိန့်ကြော်ငြာစာ/ ၆၀၃
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်
ရေကြောင်းဘက်ဆိုင်ရာ သင်တန်းဌာနများ
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း (၁)တွင် ထည့်သွင်း ကြေငြာ ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

**မိတ္တူကို-**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန